အသင်တို့အနက်တစ်ဦးတစ်ယောက်သည် အလ္လာဟ်အရှင်မြတ်အပေါ်အထင်အမြင်ကောင်း ရှိသည့်အခြေအနေမှအပ

အခြားမည်သည့်အခြေအနေတွင်မျှ

သေဆုံးခြင်းမပြုကြလေနှင့်။

ဂျာဗိရ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်သည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကိုကြားသိခဲ့သည်။ "အသင်တို့အနက်တစ်ဦးတစ်ယောက်သည် အလ္လာဟ်အရှင်မြတ်အပေါ်အထင်အမြင်ကောင်း ရှိသည့်အခြေအနေမှအပ အခြားမည်သည့်အခြေအနေတွင်မျှသေဆုံးခြင်းမပြုကြလေနှင့်။"
[صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် မွတ်စ်လင်မ်တစ်ဦးအားအလ္လာဟ်အရှင်မြတ်အပေါ် အထင်အမြင်ကောင်း ရှိသည့်အခြေအနေမှအပအခြားမည်သည့်အခြေအနေတွင်မျှ သေဆုံးခြင်းမပြုရန် တိုက်တွန်းနှိုးဆော်ထားသည်။သေချိန်တွင် မျှော်လင့်ချက်ကသာ လွှမ်းမိုးသင့်ပြီး၊ စိတ်နှလုံးထဲတွင်အလ္လာဟ်အရှင်မြတ်သည် သူ့အား ကရုဏာပြုမည်၊ လွှတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟူသောစိတ်ခံယူချက် ရှိသင့်သည်။ အဘယ်ကြောင့်ဆိုသော် လက်တွေ့တွင်အပြစ်ကြောင့်ကြောက်ရွံ့မှု သည် ကောင်းသောလုပ်ရပ်များ ဆောင်ရွက်ရန်အတွက် လိုအပ်ပြီး၊ထိုအချိန်(ကွယ်လွန်သေဆုံးချိန်) သည် ကောင်းသောလုပ်ရပ်များ ဆောင်ရွက်ရန်အချိန်မဟုတ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ထိုအချိန်တွင် မျှော်လင့်ချက်ကသာလွှမ်းမိုးသင့်သည်။

https://sunnah.global/hadeeth/my/show/3779